

# The Destroyer

# ဖျက်ဆီးသောသူ

Dejan Andov
Adrian Ebens

# ဖျက်ဆီးသောသူ

Deyan Andov with Adrian Ebens

ပုံနှိပ်ထုတ်ဝေသူ

MARANATHA MEDIA

maranathamedia.com

Maranathamedia-myanmar.com

စက်တင်ဘာလ ၂၀၁၈

အဲဂုတ္တုပြည်မှ ဣသရေလလူများ ကယ်ထုတ်ခြင်းမခံရမှီ ထိုပြည်တွင် ကျရောက်ခဲ့သည့် ဘေးဒဏ်များအကြောင်းကို ဆာလံကျမ်း ၇၈း၄၃-၄၈ တွင် အောက်ပါအတိုင်း ဖတ်ရှုရသည်။

> အဲဂုတ္တုပြည်၌ လက္ခဏာသက်သေတော်တို့ကိုင်၊ ဇောနအရပ်၌ အံ့ဘွယ်သောအမှုတို့ကိုင်၊ ပြုတော်မူ၏။ ထိုပြည်သားတို့သည် ရေမသောက်ရမည် အကြောင်း၊ သူတို့မြစ်ရေ၊ စမ်းရေများကို သွေးဖြစ်စေတော်မူ၏။ သူတို့ကို ကိုက်စား တတ်သော ယင်ရဲတို့ကိုင်၊ ဖျက်ဆီးတတ်သော ဖားတို့ကိုင် စေလွှတ်တော် မူ၏။ သူတို့၏ မြေအသီးအနှံကို ခါသိလကျိုင်းတို့အားငှင်၊ သူတို့လုပ်၍ရသော ဥစ္စာကို အရာဘကျိုင်းတို့အားငှင်း ပေးတော်မူ၏။ သူတို့ စပျစ်နွယ်ပင်များကို မိုဃ်းသီးဖြင့်ငှင်၊ သူတို့ သဖန်းပင်များကို နှင်းခဲဖြင့်ငှင်း ဖျက်ဆီးတော်မူ၏။ သူတို့၏ သိုးနွားများကို မိုဃ်းသီး၌ငှင်၊ ပြုစုသော တိရိစ္ဆာန်များကို မီး၌ငှင်း အပ် တော်မူ၏။” ဆာလံကျမ်း ၇၈း၄၃-၄၈

ယခုအခါ အခန်းငယ် ၄၉ ကို ဂရုတစိုက် ဖတ်ရှုကြည့်ပါလေ။

> အမျက်တော် အရှိန်အားဖြင့်သူတို့၌ ဆိုးသောတမန်တို့ကို စေလွှတ်၍ လွှမ်းမိုးခြင်း၊ ဒဏ်ခတ်ခြင်း၊ နှောင့်ယှက်ခြင်းအမှုကိုဖြစ်စေတော်မူ၏။ ဆာလံ ၇၈း၄၉

အဲဂုတ္တုပြည်အပေါ် ဘေးဒဏ်များ ကျရောက်ခဲ့ခြင်းအမှုတွင် ဆိုးသောတမန်များ ပါဝင်နေကြသည်ကို ဤကျမ်းချက်၌ ဖေါ်ပြထားသည်။ ထိုတမန်များကား နတ်ဆိုးများပင်ဖြစ်သည်။ ဘုရားသခင်အား ဝမ်းမြောက်စွာ အစေခံကြသည့် ဆိုးသောတမန်များ ကောင်းကင်တွင် အလျှင်းမရှိပါချေ။

ဘေးဒဏ်ကျရောက်စဉ်အချိန်တွင် ထိုအဲဂုတ္တုပြည်၌ ဆိုးသောတမန်များ အဘယ်အရာများ လုပ်ဆောင်နေခဲ့ကြသည်ကို ယခုအခါ သင် တွေ့ရှိရပါသလား။

ထွက်မြောက်ရာကျမ်း ၁၂း၁၂ ကို ဖတ်ရှုကြည့်ကြပါစို့။

> “အကြောင်းမူကား၊ ယနေ့ညဉ့်တွင် အဲဂုတ္တုပြည်ကို ငါသည် ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦးများနှင့် တိရစ္ဆာန်တို့၏ သားဦးများ

အပေါင်းတို့ကို ဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏။

"ငါသည် ထုတ်ချင်းခပ်သွား၍.....ဒဏ်ခတ်၍....ငါသည် ထာဝရဘုရားဖြစ်၏။" ဆယ်ပါး မြောက်ဘေးဒဏ် တည်းဟူသော အဲဂုတ္တုပြည်သားဦးများ သေဆုံးခြင်းအဖြစ်အပျက်သည် ထာဝရဘုရား၏ ပြစ်ဒဏ်စီရင်ခြင်းအမှုပင်ဖြစ်သည်။ ရုတ်တရက်ကြည့်သော် အဲဂုတ္တုပြည်သားဦးများတို့ကို ထာဝရဘုရားကိုယ်တော်တိုင် တိုက်ရိုက်ဖျက်စီးမည့်ပုံပေါ်နေသည်။ သို့ရာတွင် အခန်းငယ် ၂၃ ၌ အဘယ်သို့ ပြောဆိုထားသည်ကို ဖတ်ရှုကြည့်ကြပါစို့။

"အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှာ ထုတ်ချင်းခတ်သွားတော်မူမည်။ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌ရှိသော အသွေးကို မြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကို လွန်သွားတော်မူမည်။ **ဖျက်ဆီးသောသူသည် သင်တို့ကိုဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ဝင်ရသောအခွင့်ကို ပေးတော်မမူ။**" ထွက်မြောက်ရာကျမ်း ၁၂း၂၃

ဤနေရာတွင် လုံးဝကွဲပြားခြားနားသည့် မြင်ကွင်းတစ်ခုကို တွေ့မြင်ရပါသည်။ သားဦးများကို ဖျက်ဆီးမည့်သူမှာ ထာဝရဘုရားမဟုတ်ပဲ ဖျက်ဆီးသောသူ ဟူ၍ အမည်ရှိသောသူတစ်ဦး ဖြစ်နေပါသည်။ ထိုသူကား အဘယ်နည်း။ ဖျက်ဆီးသောသူ ဟူသည့်အသုံးအနှုန်း အတွက် နောက်ထပ်ကိုးကားချက်တစ်ခုကို ၁ ကော ၁၀း၁၀ တွင် တွေ့ရသည်။

"ထိုသူအချို့တို့သည် မြည်တမ်းခြင်းကိုပြု၍၊ ***ဖျက်ဆီးသောသူ*** ၏လက်ဖြင့် ပျက်စီးသကဲ့သို့မဟုတ်၊ မြည်တမ်းခြင်းကိုမပြုကြနှင့်။" ၁ ကော ၁၀း၁၀

ဖျက်ဆီးသောသူ ဟူသည့်အသုံးအနှုန်းကို ၎င်း၏ မူရင်းဂရိဘာသာတွင် ရှာကြည့်သောအခါ ယင်းစကားလုံး၏ ကိုယ်ပိုင်အမှတ် G3645 နှင့်တကွ ၎င်း၏အဓိပ္ပါယ်များဖြစ်ကြသော အဖျက် သမား - **အဆိပ်ရှိသောမြွေ** စသည်တို့ကို တွေ့ရသည်။

ဖျက်ဆီးသောသူ၏ လက်ချက်ဖြင့် တောထဲတွင် ဣသရေလလူတချို့တို့ ပျက်ဆီးခဲ့ရသည့် အဖြစ်အပျက်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ဤကျမ်းချက်တွင် ပြောထားသည့်

ဖျက်ဆီး သောသူကား အဘယ်သူဖြစ်သည်ကို ဆက်လက်လေ့လာပါမည်။ ထိုသူသည် ထာဝရဘုရား ပင်ဖြစ်မည်ဟု လူအများစု ထင်မှတ်နေကြသည်။ ဣသရေလလူများကို တောတွင် ပြစ်ဒဏ်ပေးသောသူကား ထာဝရဘုရားပင်ဖြစ်မည်ဟု လူများ ပြောစမှတ်ပြုကြသည်။ သို့ရာတွင် ထွက်မြောက်ရာကျမ်း ၁၂း၂၃ ကိုကြည့်ပါလေ။ ဖျက်ဆီးရသောအခွင့်ကို ဖျက်ဆီးသောသူ၌ ခွင့်ပြု (သို့) မြစ်တားနေသူမှာ ထာဝရဘုရား ဖြစ်နေသည်ဖြစ်ရာ ထိုဘုရားကိုယ်တော်တိုင်က ဖျက်ဆီးသောသူ အလျှင်းမဖြစ်နိုင်ပါ။

ဖျက်ဆီးသောသူ အကြောင်းကို ဖော်ပြပေးသည့် နောက်ထပ် ကျမ်းကိုးကားချက်တစ်ခုကို ဗျာဒိတ်ကျမ်း ၉း၁၁ တွင် တွေ့ရှိရသည်။

> "သူတို့၏ ရှင်ဘုရင်မူကား၊ ဟေဗြဲဘာသာအားဖြင့် **အဗဒ္ဒုန်**ဟူ၍၎င်း၊ ဟေလသ ဘာသာအားဖြင့် **အပေါလျုန်**ဟူ၍၎င်း ခေါ်ဝေါ်သော **အနက်ဆုံးသောတွင်း တမန်** ဖြစ်၏။" ဗျာဒိတ်ကျမ်း ၉း၁၁

"အဗဒ္ဒုန်" သို့မဟုတ် "အပေါလျုန်" ၏အနက်ကား "ဖျက်ဆီးသောသူ" ပင်ဖြစ်ပေသည်။ ထို့ကြောင့် ဤအနက်ဆုံးသောတွင်းတမန်ကား ဖျက်ဆီးသောသူ ပင်ဖြစ်သည်။ ထိုသူကား အဘယ်နည်း။ ကျမ်းစာကို ကျမ်းစာကသာ ပြန်လည်ရှင်းပြထားပေးပါသည်။

> "ပဉ္စမကောင်းကင်တမန်သည် တံပိုးမှုတ်သောအခါ၊ **ကြယ်တလုံးသည် ကောင်းကင်က မြေကြီးပေါ်သို့ ကျသည်**ကို ငါမြင်၏။ **သူ၌ အနက်ဆုံးသောတွင်း၏ သော့ကို အပ်ပေးသည်** ဖြစ်၍၊" ဗျာဒိတ်ကျမ်း ၉း၁

ကောင်းကင်က မြေကြီးပေါ်သို့ ကျလာခဲ့သည့် ကြယ်ကား အဘယ်သူဖြစ်သည်ကို ရှင်းရှင်းလင်းလင်း ကျွန်ုပ်တို့သိရသည်။ ထိုသူကား စာတန်ပေတည်း။ **စာတန်သည် ဖျက်ဆီးသောသူ ပင်ဖြစ်သည်။**

ကျမ်းစာပါ ဤအမှန်တရားကို အယ်လင်ဝှိုက်လည်း အတည်ပြုထားပေးပါသည်။ ကျမ်းစာတွင် စာတန်ကို ဖျက်ဆီးသောသူ ဟူ၍ ခေါ်ဆိုကြောင်း သူမတင်ပြခဲ့သည်။

> "စာတန်သည် ဘုရားနှင့် လူသားတို့၏ ရန်သူကြီးပင်ဖြစ်သည်။ မိမိ၏လက်ထောက်များအားဖြင့် သူသည် မိမိကိုယ်ကို လင်းသောကောင်းကင်တမန်အဖြစ်

ပုံစံပြောင်းထားသည်။ ညီအစ်ကိုများကို စွပ်ဆွဲသောသူ၊ လိမ်လည်လှည့်ဖြားသူ၊ နှိပ်စက်ကလူပြုသောသူ၊ လူသတ်သမား နှင့် **ဖျက်ဆီးသောသူ ဟူ၍ သူ့အား ကျမ်းစာက ခေါ်ဆိုထားသည်။**" (5T 137)

"စာတန်သည် ဖျက်ဆီးသောသူ ဖြစ်၏။" (Banner, March 1, 1905)

ဖျက်ဆီးခြင်းအကြောင်းနှင့် စပ်လျဉ်းပြီး ယေရှုကိုယ်တော်တိုင် မိန့်ခဲ့လေသည်မှာ၊

ရှင်လုကာခရစ်ဝင် ၉း၅၅ - လူသားသည် လူတို့၏အသက်ကို သတ်အံ့သောငှါ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှါ ကြွလာသည်။

နှိမ့်ချလျက် လူဇာတိခံကို ခံယူတော်မူခဲ့ခြင်းဖြင့် စာတန်၏အကျင့်စာရိတ္တနှင့် ဆန့်ကျင်သော စာရိတ္တတော်ကို ခရစ်တော်ဖေါ်ပြခဲ့လေသည်။ DA 25

စာတန်သည် ဖျက်ဆီးသောသူ ဖြစ်ပြီး၊ ခရစ်တော်ကား တည်ဆောက်သူဖြစ်၏။ RH Nov 26, 1895

စာတန်၏စာရိတ္တနှင့် ဆန့်ကျင်သော စာရိတ္တကို ခရစ်တော်ဖေါ်ပြလျှင်၊ ထိုစာတန်၏စာရိတ္တနှင့် ထပ်တူညီသော စာရိတ္တမျိုးကို ခရစ်တော် ဖေါ်ပြတော်မူလိမ့်မည်လော။ လူများတို့အား ခရစ်တော် ဖျက်ဆီးမည်လော။ အမှုဆောင်ခဲ့စဉ်ကာလတလျှောက်တွင် လူများတို့အား မိမိဖျက်ဆီးတော်မူမည်ဟု ခရစ်တော်သွန်သင် ခဲ့ဖူးသလော။

လူများတို့အား ချီးမြောက်ခြင်းငှါ ခရစ်တော်ဆင်းကြွခဲ့သည်။ မိမိကို ယုံကြည်သောသူအပေါင်းတို့အား ကယ်တင်ခြင်းပေးဖို့ဖြစ်သည်။ မိမိ၏အမှုတော်ကား လူသားတို့အား ဖျက်ဆီးဖို့အတွက်မဟုတ်ပဲ၊ ကယ်တင်ဖို့အတွက်သာဖြစ်ကြောင်း မိမိလုပ်ဆောင်လေရာရာ၌ ခရစ်တော် ပြသသွန်သင်ခဲ့၏။ (ST, July 2, 1896 par.3)

ဖျက်ဆီးသည့် အလုပ်မှာ မိမိအလုပ်မဟုတ်ကြောင်း မိမိလုပ်ဆောင်လေရာ၌ ခရစ်တော် သွန်သင်ပြသသွားခဲ့လေသည်။ သူ၏အလုပ်ကား၊ ကယ်တင်ခြင်း၊ ရွေးနှုတ်ခြင်းနှင့် ကယ်ဆယ်ခြင်းအမှုများအားဖြင့် ခမည်းတော်ကို ထုတ်ဖေါ်ပြသပေးဖို့ဖြစ်သည်။

ပျောက်သောသူများကို ရှာဖွေကယ်တင်အံ့သောငှါ လောကသို့ ခရစ်တော်ဆင်းကြွတော်မူခဲ့၏။ အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့် စားသောက်ခြင်းအမှုကြောင့် မိမိအား ဖာရိရှဲများ စွပ်စွဲလာကြသောအခါ သူတို့အား ခရစ်တော်က "ဖြောင့်မတ်သောသူတို့ကို နောင်တသို့ ခေါ်ခြင်းငှါ၊ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကို ခေါ်ခြင်းငှါ၊ ငါလာသတည်း။" ဟူ၍ ပြန်လည်မိန့်ကြားခဲ့လေ၏။ ဖျက်ဆီးရန်မဟုတ်ပဲ ကယ်တင်ရန်အတွက် ခရစ်တော် ဆင်းကြွတော်မူခဲ့၏။ အသက်ဝိညာဉ်တို့သည် ခရစ်တော်ရှေ့မှောက်၌ လွန်စွာ အဖိုးထိုက်လှ၏။ အကြောင်းမူကား ဖန်ဆင်းခြင်းနှင့် ကယ်တင်တော်မူခြင်းအားဖြင့် ထိုသူတို့သည် ခရစ်တော်၏ အပိုင် ဖြစ်သောကြောင့်တည်း။ MM 183

ထာဝရဘုရားသည် လူကိုဖျက်ဆီးရန်မဟုတ်ပဲ၊ ကယ်တင်ရန် အမြဲနည်းလမ်းကို ရှာတော်မူ၏။ အပြစ်သားများအား ကယ်ဆယ်ရခြင်းအမှု၌ ကိုယ်တော်အားရ နှစ်သက်တော်မူ၏။ "အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း ဆိုးသောသူသည် အသေခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။" ယေဇကျေလ ၃၃း၁၁။ ဒုစရိုက်မှုများကို လွဲရှောင်လျက် မိမိထံပြန်လာခြင်းဖြင့် အသက်ရှင်ကြဖို့ ဆိုးသောသူတို့ကို ထာဝရဘုရား ခေါ်တော်မူ၏။ သတင်းတော် ကိုကြားရသောသူတို့သည် ဘုရားကိုကြောက်ရွံ့ခြင်းဖြင့် နောင်တရစိမ့်သောငှါ ဘုရားသခင်သည် မိမိ၏စေတမန်များ၌ သန့်ရှင်းသောရဲစွမ်းသတ္တိကို ပေး၏။ PK 104, 105

ဘုရားသခင်တွင် ဖျက်စီးမှုပြုသည့် သဘောသဘာဝမျိုးမရှိပဲ၊ တည်ဆောက်သည့် သဘောသဘာဝသာ ရှိပသည်။

ရွေးနှုတ်ကယ်တင်ခြင်းသည် ဘုရားသခင်၏ သဘောသဘာဝပင်ဖြစ်သည်။ ထိုသခင်၏ အထူးလုပ်ပိုင်ခွင့်အာဏာကား ဖျက်ဆီးခြင်းမဟုတ်ပဲ တည်ဆောက် ခြင်းသာဖြစ်သည်။ လောကီလူသားများအဖို့ အသေခံစေခြင်းငှါ ကမ္ဘာမတည် မရှိမှီကတည်းက မိမိသားတော်ကို ဘုရားသခင် ပေးအပ်ထားတော်မူခဲ့သည်။ အပြစ်၏ဖြစ်တည်မှုသည်

> လျှို့ဝှက်နက်နဲသောပုစ္ဆာတစ်ပုဒ် ဖြစ်နေသည်ဖြစ်ရာ၊ လူသည် ကရာနီကုန်းထက်က လက်ဝါးကားတိုင်တော်၏ အလင်းဖြင့် မိမိကိုယ် ကို ပြန်မမြင်နိုင်သေးသ၍၊ အပြစ်သားဖြစ်သော မိမိကိုယ်ကို ခါးစွာသောစိတ်ဝိညာဉ်ဖြင့် မရှု့မုန်းတတ်သေးသ၍ ဘုရားသခင်သည် အဘယ်သူဖြစ်သည်ကို သူ သိနိုင်မည်မဟုတ်ပါချေ။ TM 265, 265.

ကောင်းကင်တမန်များတွင်လည်း ဤစာရိတ္တမျိုး ရှိနေကြသည်။ ဖျက်ဆီးဖို့အတွက် မဟုတ်ပဲ၊ ကယ်တင်ဖို့ရန်အတွက်သာ ကောင်းကင်မှ သူတို့စေလွှတ်ခြင်းခံရကြသည်။

> ဖျက်ဆီးဖို့အတွက် မဟုတ်ပဲ၊ ဘေးအန္တရာယ်သင့်နေကြသည့် အသက်ဝိညာဉ်များကို စောင့်ကြပ်ပေးဖို့၊ ပျက်ဆီးသူကို ကယ်တင်ဖို့နှင့် လမ်းလွဲနေသူများကို သိုးခြံအတွင်းသို့ ပြန်လည်ခေါ်ဆောင်ပေးဖို့အတွက်သာ ကောင်းကင်မှ ကောင်းကင်တမန်များ စေလွှတ်ခြင်း ခံရကြသည်။ "လောကကို အပြစ်စီရင်ခြင်းငှါ ငါ လာသည်မဟုတ်။ ကယ်တင်အံ့သောငှါသာ ငါလာ၏။" ဟူ၍ ခရစ်တော်မိန့်ခဲ့လေသည်။ လမ်းလွဲနေသူများကို ကြင်နာသောစကားဖြင့် ဖေးမခေါ်ဆောင်ရန်သင်၌ အကြင်နာစကား တစ်ခွန်းမျှ မရှိသေးသလော။ ပျက်စီးခြင်းသို့ ရောက်အံ့သောငှါ သူတို့အား သင်ပစ်ထားမည်လော (သို့) သူတို့၌ သင်၏ကူညီလက်များ ကမ်းပေးမည်လော။ RH May 10, 1906.

ထို့ကြောင့် အဲဂုတ္တုပြည်သို့ "စေလွှတ်"ခြင်းခံရသော ဆိုးသောတမန်များကား မည်သူမည်ဝါဖြစ်သည်ကို ရှင်းလင်းပြတ်သားစွာ သင်မြင်တွေ့ရပြီလော။ ထိုသူတို့ကား အဲဂုတ္တုပြည်သားဦးများကို ကွပ်မျက်ဖျက်ဆီးခဲ့ကြသည့် စာတန်နှင့် သူ၏နတ်ဆိုးများပင်ဖြစ်သတည်း။

ဆာလံကျမ်း ၇၈း၄၉ တွင် အသုံးပြုထားသည့် '**စေလွှတ်သည်**' ဟူသောစကားလုံးသည် မူရင်း ဟေဗြဲဘာသာတွင် **'လွှတ်ထားပေးသည်'** သို့မဟုတ် **'ခွင့်ပေးသည်'** ဟူသည့် အဓိပ္ပါယ်ရှိသည်။

ဤတွင်၊ ဘုရားသခင်၏အကြံအစည်ကို အကောင်အထည်ဖော်လုပ်ဆောင်ပေးရသူအဖြစ် စာတန်အား ကျွန်ုပ် ပုံဖော်နေသည်၊ စာတန်နှင့် ဘုရားသခင်တို့ကို ပူပေါင်းဆောင်ရွက်သူများ အဖြစ် ကျွန်ုပ် ပုံဖော်နေသည်ဟု လူအချို့တို့ ဝေဖန်လိုကြလိမ့်မည်ဖြစ်ပါသည်။

ကျွန်ုပ် ထိုသို့ ပုံဖော်နေခြင်းမဟုတ်ပါချေ။ စာတန်နှင့် ဘုရားသခင် တို့သည် မိတ်ဆွေများ မဟုတ်ကြပါချေ။ စာတန်သည်ကား ဘုရားသခင်၏ ထူးခြားသောအကွယ်အကာအောက်သို့ ရောက်မလာသောသူအပေါင်းတို့ကို ဖျက်ဆီးခြင်းငှါ ချောင်းမြောင်းနေသည့် ဖျက်ဆီးသောသူ ပင်ဖြစ်ပေသည်။ အဲဂုတ္တုပြည်အဖြစ်အပျက်တွင် ထိုအချင်းအရာကို ကျွန်ုပ်တို့ တွေ့ရပါသည်။ အခြားသောသားဦးတို့ကို ဘုရားသခင် ကွယ်ကာပေးခြင်းမပြုခဲ့ပါလျှင် အဲဂုတ္တုပြည်တွင်နေ ထိုင်သော သားဦးရှိသမျှတို့ကို စာတန် ဖျက်ဆီးပစ်ခဲ့ပေလိမ့်မည်။ ဖျက်ဆီးသောသူသည် ဖျက်ဆီးခြင်းပြုရန် အဘယ်မျှ လျင်မြန်သည်ကို အယ်လင်ဝှိုက်က အောက်ပါအတိုင်း ဖော်ပြ ထားသည်။

> မာရ်နတ်သည် လူသားမျိုးနွယ်တို့၏ ဖန်ဆင်းရှင်နှင့် ကျေးဇူးရှင်၏ အရေကိုခြုံထား၏။ ရက်စက်ခြင်းအမှုများကား စာတန်နှင့်ဆိုင်၏။ ဘုရားသခင်မူကား ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ဘုရားသခင် ဖန်ဆင်းသမျှသောအရာတို့သည် အပြစ် ဝင်ရောက်မလာမီ တိုင်အောင် စင်ကြယ်သန့်ရှင်းခြင်းရှိ၍ ချစ်ဖွယ်ကောင်းလှ၏။ စာတန်သည်ကား လူသားများ အပြစ်ပြုစေခြင်းငှါ ကြိုစားအားထုတ်၏။ ထို့ နောက် သူတို့အား ဖျက်ဆီးပစ်ဖို့ သူကြိုးပမ်း၏။ လူသားများ သူ၏သားကောင် များဖြစ်လာသောအခါ မိမိစီမံထားသောဖျက်ဆီးခြင်းလုပ်ရပ်အတွက် စာတန် နှစ်ထောင်းအားရ၏။ အခွင့်ရှိလျှင်၊ လူသားမျိုးနွယ်တစ်ခုလုံးကို မိမိပိုက်ကွန် အောက်သို့ သူဆွဲသွင်းလို၏။ တန်ခိုးတော်အားဖြင့် ဘုရားသခင် ကြားဝင်ဟန့်တားခြင်းမပြုခဲ့ပါမူ၊ အာဒံ၏ သားသမီးများ တစ်ဦးတစ်ယောက်မျှ လွတ်မြောက် ခွင့်ရှိမည်မဟုတ်ပါချေ။ (GC 534.2)
>
> လူစီဖါသည် မိမိအုပ်ထိန်းစရာအဖို့ မိမိအား ကောင်းကင်က အပ်ထားပေးခဲ့သော သူများကို ပြန်လည်ဖျက်စီးခဲ့သည့် **ဖျက်ဆီးသောသူဖြစ်လာခဲ့သည်။** (AUCR, October 1, 1906)

ကပ်ကာလအဆုံး၌ ဖြစ်ပျက်မည့် ဘုရားသခင်၏ တရားစီရင်ခြင်းများအကြောင်းကို ဖေါ်ပြရာတွင် အယ်လင်ဝိုက်က အဲဂုတ္တုပြည်၏၌ ဖြစ်ပျက်ခဲ့သည့် တရားစီရင်ခြင်း အမှုများအားဖြင့် နှိုင်းယှဉ်ဖေါ်ပြထားပေးပါသည်။

> လူတို့၏ သားဦးများနှင့် တိရိစ္ဆာန်တို့၏ သားဦးများကို ဖျက်ဆီးခြင်းငှါ အဲဂုတ္တုပြည်အလယ်၌ ဖျက်ဆီးသောတမန် လျှောက်သွားသောအခါ မိမိတို့ နေအိမ်များကို ထိုတမန်ကျော်လွန်သွားခြင်းငှါ ဣသရေလလူမျိုးများတို့သည် ကိုယ်သားသမီးများနှင့် ကိုယ်မိသားစုဝင်များကို မိမိတို့နေအိမ်အသီးသီးတွင် စုရုံးစေရမည်ဖြစ်ကြောင်းနှင့် မိမိတို့အိမ်တံခါးဘောင်များတွင် သွေးဖြင့် သုတ်လိမ်းထားဖို့ လိုမည်ဖြစ်ကြောင်း ဘုရားသခင် မှာထား၏။ ထိုအစီအစဉ်အတိုင်း လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပါမူ အဲဂုတ္တု လူများနှင့် သူတို့ဘာမျှ ထူးခြားတော့မည်မဟုတ်ပါချေ။
>
> သားဦးများသာမက “အမှတ်မပါသော အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ မိန်းမ၊ ယောကျ်ားနှင့် သူငယ်များတို့ကိုပါ ရှင်းရှင်း ဖျက်ဆီးခြင်းငှါ ဖျက်ဆီးသောတမန်သည် များမကြာမှီ တဖန် လုပ်ငန်းစလိမ့်ဦးမည်ဖြစ်သည်။ မိဘတို့ ကိုယ်သားသမီးများကို ကယ်တင်လိုကြပါမူ သူတို့ကို လောကနှင့် ခွဲထုတ်ပေးကြပါလေ။ (RH, October 14, 1875)

အသက်ကြီးသောသူ၊ အသက်ငယ်သောသူ၊ မိန်းမ၊ ယောကျ်ားနှင့် သူငယ်တို့ကို ရှင်းရှင်းကွပ်မျက်ခိုင်းသော အမိန့်ကား အဘယ်အရာကိုပုံဆောင်ထားသနည်း။ ဤအမိန့်ကို ယေဇကျေလ အနာဂတ္တိကျမ်း ၉ တွင် တွေ့ရှိရသည်။ ဤကျမ်းတွင် ကွပ်မျက်စရာလက်နက်ကို ကိုင်ဆောင် ထားသောသူများ အကြောင်းကို ပြောဆိုထားသည်။

> ယေဇကျေလအနာဂတ္တိကျမ်း ၉း၂-၆ - ထိုအခါ လူခြောက်ယောက်တို့သည် အသီးအသီး ကွပ်မျက်စရာလက်နက်ကို ကိုင်လျက်၊ တယောက်သည်လည်း၊ ပိတ်အဝတ်ကိုဝတ်၍ နံပါး၌ မှင်အိုးပါလျက်၊ မြောက်မျက်နှာဘက် အထက်တံခါး လမ်းဖြင့်ဝင်၍၊ ကြေးဝါပလ္လင်အနားမှာ ရပ်နေကြ၏။ ဣသရေလအမျိုး၏ ဘုရားသခင် ဘုန်းတော်သည် ကျိန်းဝပ်ရာ

ခေရုဗိမ်မှအိမ်တော်တံခါးခုံသို့ တက်၍၊ ပိတ်အဝတ်ကို ဝတ်လျက်၊ နံပါး၌ မှင်အိုးပါ သောသူကို ခေါ်၍၊ ထာဝရဘုရားက၊ ယေရုရှလင်မြို့အလယ်၌ လျှောက်သွားလော့။ မြို့ထဲ၌ ပြုသမျှသော စက်ဆုပ်ရွံ့ရှာဘွယ်အမှုတို့ကြောင့်၊ ညည်းတွားငိုကြွေးသောသူတို့၏ နဖူးကို ထိုးမှတ်လော့ ဟူ၍၎င်း၊ အခြားသော သူတို့အားလည်း၊ ထိုသူနောက် မြို့ထဲ၌ ရှောက်သွား၍ ဒဏ်ခတ်ကြလော့။ နှမြောစုံမက်ခြင်း မရှိကြနှင့်။ အသက်ကြီးသောသူ၊ အသက် ငယ်သောသူ၊ အပျိုမ၊ သူငယ်၊ မိန်းမတို့ကို ရှင်းရှင်းသတ်ကြလော့။ သို့ရာတွင်၊ အမှတ်ပါသောသူကို မချဉ်းကပ်ကြနှင့်။ ငါ၏ သန့်ရှင်းရာဌာန၌ အဦးပြုကြလော့ ဟု မိန့်တော်မူသည်ကို ငါကြား၏။ သူတို့သည်လည်း၊ အိမ်တော်ရှေ့မှာရှိသော အသက်ကြီးသူတို့ကို ရှေ့ဦးစွာ သတ်ကြ၏။

အသက်ကြီးသောသူနှင့် အသက်ငယ်သောသူတို့အား ကွပ်မျက်သော လက်နက်နှင့် အသေ သတ်ခြင်းသည်ကား မည်သည့် အဓိပ္ပါယ်ရှိသနည်း။

သူတို့အနေဖြင့် နောင်တရခြင်းမရှိ၊ စာတန်၏ လေးသောဝန်အောက်၌ ပိမိနေကြသူများအား ဖိနှိပ်နေကြသည့် လုပ်ရပ်များနှင့်တကွ ဆိုးသောဇိအုန်မြို့သားများနှင့် ပေါင်းဖော်ခြင်းအမှုကို မစွန့်ပယ်ကြပါလျှင် ဘုရားသခင်၏ တံဆိပ်ခတ်ခြင်း အမှတ်အသားကို ဘယ်အခါမျှ သူတို့ ရနိုင်ကြလိမ့်မည်မဟုတ်ပါချေ။ ကွပ်မျက်သောလက်နက်ကို ကိုင်ဆောင်ထားသည့် လူငါးဦးတို့၏ လုပ်ဆောင်မှုကို ပုံဆောင်သည့် မတရားသောသူတို့၏ ပျက်ဆီးခြင်းအမှုထဲတွင် သူတို့ ကျသွားကြလိမ့်မည်ဖြစ်သည်။ 3T 267

ထို့ကြောင့်၊ ကွပ်မျက်သောလက်နက်ကို ကိုင်ဆောင်ထားသည့် လူငါးဦးတို့၏ လုပ်ဆောင်မှု သည်ကား မတရားသောသောသူတို့၏ ပျက်ဆီးခြင်းအမှုပေတည်း။ ဤပျက်ဆီးခြင်းအမှု အဘယ်သို့ ရောက်ရှိလာလိမ့်မည်နည်း။ အောက်ပါဖော်ပြချက်များကို သေချာစွာ မှတ်သား ထားပါလေ။

“ကမ္ဘာမြေကြီးပေါ်တွင် အမှုတစ်စုံတစ်ရာ ဆောင်ရွက်ရန် ဆင်းသက်လာသော ကောင်းကင်တမန်လေးပါးကို ကျွန်မမြင်ရပါသည်။ ရှင်ယေရှုသည် ယဇ်ပုရောဟိတ်မင်းကြီး၏ ဝတ်စုံကို ဆင်မြန်းထားပါသည်။ ကိုယ်တော်သည် ကျန်ကြွင်း

သူများကို ကြင်နာသနားသောအမူအရာဖြင့် ငေးစိုက်ကြည့်ရှုလျက် လက်တော်ကိုဆန့်၍ လေးနက်ကြင်နာသောအသံတော်ဖြင့် "အကျွန်ုပ်၏အသွေး၊ အကျွန်ုပ်၏အသွေး၊ အကျွန်ုပ်၏အသွေးကို အောက်မေ့သတိရတော်မူပါ ခမည်းတော်ဘုရား" ဟုလျှောက်ထားတော်မူ၏။ ထိုအခါ ဖြူသော မဟာပလ္လင်တော်ပေါ်တွင် ထိုင်တော်မူသည့် ဘုရားသခင်၏ အထံတော်မှ ထူးကဲစွာ ထွန်းတောက်သောရောင်ခြည်တော် ထွက်လာ၍ ယေရှုရှင်၏ ကိုယ်ပေါ်သို့ သက်ရောက်တော် မူသည်ကို ကျွန်ုမမြင်ရပါသည်။ ထို့နောက် ယေရှုရှင်ထံမှ အခွင့်အာဏာ လွဲအပ်ခြင်းကို ခံယူရရှိထားသော ကောင်းကင်တမန်တစ်ပါးသည် တစ်စုံတစ်ခုကို ကိုင် စွဲလျက် အထက်အောက် ဝှေ့ယမ်းပြီးလျှင် မြေကြီးပေါ်တွင် အမှုတစ်စုံတစ်ရာ ဆောင်ရွက်ရန် အခွင့်အာဏာရရှိထားသော ကောင်းကင်တမန် လေးပါးထံသို့ လျင်စွာသော အဟုန်ဖြင့် ပျံသန်းလျက် "ငါတို့ဘုရားသခင်၏ ကျွန်တို့ကို နဖူး၌ တံဆိပ်မခတ်မှီတိုင်အောင် ကိုင်ထားပါဦးလော့၊ ကိုင်ထားပါဦးလော့၊ ကိုင်ထားပါ ဦးလော့၊ ကိုင်ထားပါဦးလော့" ဟု ကြီးစွာသောအသံဖြင့် ကြွေးကြော်လေ၏။" (EW 38.1)

ထိုအခါ ကျွန်ုမကြားရသောအသံနှင့် ကောင်းကင်တမန်လေးပါးတို့ ဆောင်ရွက်လုဆဲဖြစ်သော အမှုတော်တို့၏ အဓိပ္ပါယ်ကို ကျွန်ုမနှင့်အတူ လိုက်ပါလာသော ကောင်းကင်တမန်အား မေးပါသည်။ ကောင်းကင်တမန်က ပြန်၍ပြောပြသည်မှာ ဘုရားသခင်သည် တန်ခိုးအာဏာများကို တားဆီးထားကြောင်း၊ မိမိ၏ ကောင်းကင်တမန်များအား ကမ္ဘာမြေကြီးပေါ်တွင်ရှိသော အရာများအတွက် တာဝန်လွှဲအပ်ထားကြောင်း၊ ကောင်းကင်တမန်လေးပါးတို့သည် မြေ၏ လေး မျက်နှာလေတို့ကို ကိုင်ထားရန် ဘုရားသခင်ထံမှ အာဏာတန်ခိုးကို ရရှိထား ကြောင်း၊ သို့သော် သူတို့သည် မိမိတို့ကိုင်ထားသော လေများကို လွှတ်အံ့ဆဲဆဲ၊ မိမိတို့၏လက်များကို လျော့နေချိန်၊ အရပ်လေးမျက်နှာမှ လေတို့သည်လည်း တိုက်လုတိုက်ဆဲ ဖြစ်နေချိန်တွင် ယေရှုရှင်သည် တံဆိပ်မခတ်ရသေးသော ကျန် ကြွင်းသူများအား ကရုဏာတော်အပြည့်အဝနှင့် ငေးစိုက်ကြည့်ရှုလျက် မိမိ၏ လက်တော်ကို ပင့်မြှောက်၍ မိမိ၏အသွေးတော်ကို ထိုသူများအတွက်

စွန့်လွှူယိုဖိတ်ထားကြောင်းဖြင့် ခမည်းတော်ထံသို့ အသနားခံ၍ နေတော်မူကြောင်း၊ ထို့ကြောင့် ဘုရားသခင်ကျွန်များ၏ နဖူးတွင် အသက်ရှင်တော်မူသော ဘုရားသခင်၏ တံဆိပ်တော်ဖြင့် မနိုပ်မခတ်ရမှီတိုင်အောင် ကောင်းကင်တမန်လေးပါးတို့သည် လေတို့ကို ကိုင်ထားကြစေဖို့ပြောကြားရန် အခြားသော ကောင်းကင်တမန် တစ်ပါးအား အခွင့်အာဏာလွှဲအပ်လျက် အလျင်အမြန် စေလွှတ်တော်မူခြင်းဖြစ်ကြောင်းများကို ရှင်းပြပါသည်။ (EW 38.2)

ဘုရားသခင်၏ ကျွန်များကို တံဆိပ်မခတ်မှီတိုင်အောင်၊ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် မာရ်နတ်၏ အင်အားစုများကို ထိန်းချုပ်ထားပေးလျက်ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ တံဆိပ်ခတ်ခြင်းအမှု အပြီးတွင် သန့်ရှင်းရာဌာနတော်မှ ယေရှု ထွက်လာတော်မူမည်ဖြစ်သည်။ ထိုအခါ လေများကို လွှတ်ချလိုက်မည်ဖြစ်ပြီး ဤလောကကို ကြီးစွာသော ဒုက္ခဆင်းရဲခြင်းထဲသို့ ကျရောက်စေခြင်းငှါ စာတန်သည် ထိန်းချုပ်ခွင့် အပြည့်အဝ ရရှိနေပေလိမ့်မည် ဖြစ်သည်။ ယေရုရှလင်မြို့ ပျက်ဆီးခဲ့သည့်ပုံစံအတိုင်း ဖြစ်ပျက်လိမ့်မည်ဖြစ်သည်။

ကောင်းကင်ဗိမာန်တော်မှ ကိုယ်တော်ရှင် ထွက်ခွာလာသော အချိန်တွင် ကမ္ဘာသူကမ္ဘာသားများ အပေါ်တွင် မှောင်မိုက်ဖုံးလွှမ်းနေပါသည်။ ဖြောင့်မတ်သူများသည် ကြားဖျန်ဖြေသူမဲ့ဘဝဖြင့် ဘုရားသခင်၏ ရှေ့တော်တွင် အသက်ရှင်နေထိုင်ကြရမည်။ ဆိုးညစ်သူများအပေါ် ထိန်းချုပ်မှု မရှိတော့သည့်ပြင် နားကောက် သူများအားလည်း လုံးလုံးလျားလျား စာတန်ထိန်းချုပ်ထားပြီးသား ဖြစ်နေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ပြန်လည်ရုပ်သိမ်းတော်မူလိုက်ရာ စာတန်သည် လူသားအပေါင်းတို့အား ဒုက္ခကာလထဲသို့ ပို့ဆောင်ပါလိမ့်မည်။ ဘုရား၏ ကောင်းကင်တမန်များကလည်း လူသားများ၏ ကြောက်စရာအလိုရမ္မက်များကို ဟန့်တားခြင်းမပြုတော့ပြီဖြစ်ရာ တကမ္ဘာလုံးသည် ရှေးခေတ် ယေရုရှလင်မြို့၌ ဖြစ်ပျက်ခဲ့သည်ထက် ပို၍ဆိုးသော အခြေအနေနှင့် ရင်ဆိုင်ကြရ လိမ့်မည်။ နေရာတကာတွင် အနိဋ္ဌာရုံမြင်ကွင်းများကို ဖန်တီးရန် ဘုရား၏ ခွင့်ပြု မိန့်တစ်ခုကိုသာ စောင့်နေသည့် အင်အားစုများသည်လည်း ယခုတွင် အဆင်သင့် ရှိနေကြချေပြီ။ (GC 614.1)

ထို့ကြောင့် သားဦးများကို ကွပ်မျက်ခြင်းငှါ အဲဂုတ္တုပြည်အလယ်၌ ရှောက်သွားခဲ့သည့် ဖျက်ဆီးသောတမန်သည် ဘုရားသခင်၏ အမှတ်တံဆိပ် မရှိသောသူအပေါင်းတို့အား ဖျက်ဆီးအံ့သော ငှါ တဖန် လျှောက်သွားလိမ့်ဦးမည်ဖြစ်သည်။

တဖန် ကျွန်ုပ်တို့ မေးလိုသည်ကား၊ ဤဖျက်ဆီးသောတမန်ကား အဘယ်နည်း။ ထိုသူကား စာတန်ပင်ဖြစ်သည်ကို ကျွန်ုပ်တို့ တင်ပြလာခဲ့ကြပြီးဖြစ်ပါသည်။ သို့ရာတွင် ဤထွက်ဆိုချက် အတွက် အခြားသော သက်သေအထောက်အထားများ ရှိပါသေးသလော။ အဖြေကား၊

“အဲဂုတ္တုပြည်တွင် သားဦးများ အကွပ်မျက်မခံရမှီကပင်၊ မိမိသားသမီးတို့အား ကိုယ်အိမ်များတွင် စုရုံးစေကြဖို့နှင့် တံခါးထုပ်တံခါးတိုင် နှစ်ဘက်တို့တွင် သွေးဖြင့် ထိုးသုတ်ထားကြဖို့ ဣသရေလလူမျိုးတို့အား ထာဝရဘုရား မှာထားတော်မူခဲ့သည်။ သို့မှသာ၊ ပြည်အလယ်၌ ဖျက်ဆီးသောတမန် လျှောက်သွားသောအခါ သွေးဖြင့် အမှတ်အသားပြထားသောအိမ်များကို ခရစ်တော်နောက်လိုက်များ နေထိုင်ရာအိမ်များအဖြစ် သိမှတ်လိမ့်မည်ဖြစ်ပြီး ထိုအိမ်များကို သူ ကျော်သွား လိမ့်မည်ဖြစ်သည်။

ကိုယ်သားသမီးတို့ကို မာရ်နတ်၏ ဖျက်ဆီးခြင်းတန်ခိုးထဲက ကယ်ထုတ်လိုလျှင် ယနေ့တွင် မိမိတို့အနီးသို့ သူတို့အား ကျွန်ုပ်တို့ စုရုံးစေရပါမည်။ ခရစ်တော်နှင့် စာတန် စပ်ကြား ဖြစ်ပွားလျက်ရှိသည့် တိုက်လှန်ပွဲကြီး၏ ပြင်းထန်မှုအရှိန်အဟုန်သည် ဤကမ္ဘာရာဇဝင်၏ ဇာတ်သိမ်းခန်းအချိန်အထိ ဆက်လက်မြင့်တက် နေလေအုံးမည်ဖြစ်သည်။ ကျွန်ုပ်တို့ ရှေ့၌ရှိသော ဘေးကာလကို ဘေးကင်းစွာ ကျော်ဖြတ်နိုင်ဖို့အတွက်ဆိုလျှင် ခရစ်တော်၏အသွေးတော်ကို ကျွန်ုပ်တို့ ယုံကြည်ဖို့လိုသည်။” 2SAT 199

ဖော်ပြပါ ကောက်နှုတ်ချက်အားဖြင့် ကျွန်ုပ်တို့၏ သံသယစိတ်များအားလုံး ကင်းစင်သွားမည်ဟု ကျွန်ုပ်တွေးမိသည်။ မူလအစက မာရ်နတ်ဖြစ်သောသူနှင့် ဖျက်ဆီးသောသူကား တစ်ဦးတည်ရှိခဲ့သည်။ ထိုသူကား စာတန်ပေတည်း။

ယေရှု တံခါးခေါက်နေသည်။ သူ့အား သင် တံခါးဖွင့်ပေးမည်လော။ အပြစ်ရှိသမျှကို စင်ကြယ်စေနိုင်သည့် ယေရှု၏အသွေးတော်အစား၊ ဖျက်ဆီးသောတမန်တို့၏ တန်ခိုးအောက်သို့ သင့်ကို ရောက်သွားစေမည့် သေမိန့်စာတန်းကို သင့်နှလုံးသားတံခါးထိပ်တွင် ရေးထားရန် ထိုယေရှုအား သင်နှင်ထုတ်ပစ်မည်လော။ "သူသည် ရုပ်တုတို့၌ စွဲကပ်လျက်ရှိ၏။" ကိုယ်စောင့် ကောင်းကင်တမန်တို့၊ "သူ့ကို တတ်တိုင်းရှိစေလော့။" [ဟောရှေ ၄း၁၇)။ "ကြက်မသည် မိမိသားငယ် တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှာ ကြိမ် ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။" [မဿဲ ၂၃း၃၇]။ တံခါးဖွင့်ပေးသမျှ သောသူတို့ထံသို့ ယေရှု ဝင်ရောက်ကိန်းဝပ်တော်မူ၏။ Lt 30a, 1892

မိမိထံ လာရောက်ရန် ငြင်းပယ်သောသူတို့ထံမှ မိမိ၏ကွယ်ကာခြင်းလက်တော်ကို ဝမ်းနည်းစွာ ယေရှုရုပ်သိမ်းတော်မူ၏။ ဖျက်ဆီးသောသူ၏ တန်ခိုးအောက်တွင် သူတို့အား တတ်တိုင်းရှိစေတော်မူ၏။ သို့ရာတွင် ဖျက်ဆီးသောတမန်သည် ဘုရားသခင်၏တမန်ဖြစ်သည်ဟု ထင်မှတ်စေနိုင်သည့် ကောက်နုတ်ချက်တချို့ရှိသည်။ ယင်းကောက်နုတ်ချက်တို့ကို ကျွန်ုပ်တို့ အဘယ်သို့နားလည်နိုင်မည်နည်း။

လူသားဦးတို့နှင့် တိရိစ္ဆာန်သားဦးတို့အား ကွပ်မျက်ရသည့် မိမိ၏ ကြောက်မက်ဖွယ်လုပ်ငန်းကို ဆောင်ရွက်ရန်အလို့ငှါ ဘုရားသခင်၏ တမန်သည် အဲဂုတ္တုပြည် အလယ်၌ လျှောက်သွားတော်မူမည်။ {1SP 199}

ဤကောက်နုတ်ချက်ကို ဆွဲမြဲမှတ်သားလျက် ရှေ့က လေ့လာခဲ့သမျှတို့ကို ကျွန်ုပ် စွန့်ပယ်ရမည်လော။ ဤပြဿနာကို ဖြေရှင်းရန် ဖြေရှင်းချက်နှစ်ခုရှိပါသည်။

၁။ ကျရှုံးသွားသော ကောင်းကင်တမန်များကိုပင်လျှင် ဘုရားသခင်၏ တမန်များဟူ၍ ရည်ညွှန်းအသုံးပြုနိုင်သည်။ အကြောင်းအရင်းကား ဘုရားသခင်သည် တာဝန်ယူမှု တာဝန်ခံမှုရှိသောကြောင့်ဖြစ်သည်။ ဆိုးသောဝိညာဉ်ကို ဘုရားသခင် "စေလွှတ်တော်မူသည်" ဟု ရေးသားဖေါ်ပြထားသော ကျမ်းချက်များကို ကြည့်လိုက်ပါလေ။ ဥပမာအနေဖြင့်၊

တရားသူကြီးမှတ်စာ ၉း၂၃ - ဘုရားသခင်သည် အဘိမလက်နှင့် ရှေခင်မြို့သား စပ်ကြားမှာ ဆိုးသောဝိညာဉ်ကို စေလွှတ်တော်မူ၍ ရှေခင်မြို့သားတို့သည် အဘိမလက်၏ သစ္စာကို ဖျက်ကြ၏။

ဓမ္မရာဇဝင်ပထမစောင် ၁၆း၂၃ - ဘုရားသခင့်ထံတော်က ဆိုးသောဝိညာဉ်သည် ရှောလုအပေါ်မှာ ရောက်သောအခါ၊ ဒါဝိတ်သည် စောင်းကိုယူ၍ တီးသဖြင့်.....

ဓမ္မရာဇဝင်တတိယစောင် ၂၂း၂၃ - သို့ဖြစ်၍ ထာဝရဘုရားသည် မုသာစကားကို ပြောတတ်သော စိတ်ဝိညာဉ်ကို မင်းကြီး၏ ပရောဖက်အပေါင်းတို့၌ သွင်းတော်မူပြီ။ မင်းကြီး၏အမှုမှာ အမင်္ဂလာစကားကို ပြောတော်မူပြီဟု ဟောလေ၏။

ဤအမှုအရာကို ဘုရားသခင်ကိုယ်တော်တိုင် တိုက်ရိုက်လုပ်ဆောင်နေသည်၊ ဆိုးသောတမန်များနှင့် ကိုယ်တော်တိုင် တိုက်ရိုက်အလုပ်လုပ်နေသည် ဆိုသည့်အဓိပ္ပါယ်မျိုးနှင့် ကျွန်ုပ်တို့ နားလည်ထားရပါမည်လော။ ထိုကျမ်းပိုဒ်ကို မိမိ၏ ရှင်းလင်းချက်မှတ်စု၌ Adam Clarke က အောက်ပါအတိုင်း ရှင်းလင်းစွာ ရှင်းပြထားပေးပါသည်။

"ထာဝရဘုရားသည် မုသာစကားကို ပြောတတ်သော စိတ်ဝိညာဉ်ကို မင်းကြီး၏ ပရောဖက်အပေါင်းတို့၌ ဝင်***ခွင့်ပေးတော်မူပြီ*** (သို့မဟုတ်) ဝင်ရန်ခွင့်ပြုလေပြီ။ မကောင်းသောအမှုများနှင့် ပတ်သက်လာလျှင် ဘုရားသခင်၏ အခန်းကဏ္ဍကား ***ခွင့်ပေးခြင်း*** (သို့မဟုတ်) ခွင့်ပြုခြင်းသာရှိသည်ကို ကျမ်းစာက ထပ်တလဲလဲ ပုံဖေါ်ပြထားပါသည်။ ဘုရားသခင်၏ တိုက်ရိုက်စွမ်းအင် (သို့မဟုတ်) ခွင့်ပြုချက် မပါမရှိလျှင် ကောင်းကင်တွင်ဖြစ်စေ၊ မြေကြီးတွင်ဖြစ်စေ၊ မီးငရဲတွင်ဖြစ်စေ အဘယ်အရာမျှ ဖြစ်ပျက်ခွင့်မရှိပါချေ။ ထိုအကြောင်းကြောင့် ကျမ်းစာက အထက်ပါအတိုင်း ပြောဆို တင်ပြထားခြင်းဖြစ်သည်။" (ဓမ္မရာဇဝင်တတိယစောင် ၂၂း၂၃ အတွက် Adam Clarke ၏ ရှင်းလင်းချက်မှတ်စု)

ဆာလံ ၇၈း၄၉ ကို ကျွန်ုပ်တို့ သတိရမိသည်။ အဲဂုတ္တုပြည်ထဲက ထွက်ခြင်း အကြောင်းနှင့် ပတ်သက်ပြီး ထိုကျမ်းတွင် ဤသို့ ပြောဆိုထားသည်။

"အမျက်တော် အရှိန်အားဖြင့် သူတို့၌ ဆိုးသောတမန်တို့ကို **စေလွှတ်**၍ (ဟေဗြဲဘာသာတွင် - 'လွှတ်ထားတော်မူ၍' ဟု အဓိပ္ပါယ်ရှိသည်) လွှမ်းမိုးခြင်း၊ ဒဏ်ခတ်ခြင်း၊ နှောင့်ယှက်ခြင်းအမှုကို ဖြစ်စေတော်မူ၏။

၂။ ဒုတိယရှင်းလင်းချက်အနေဖြင့်၊ ထို ဘုရားသခင်၏တမန်သည်ကား ကိုယ်စောင့်ကောင်းကင်တမန်များကို ဘေးတွင်ရပ်နေဖို့ အမိန့်ပေးရသည့် ကောင်းကင်တမန်ပင်ဖြစ်သည် ဟူသော အချက်ပင်ဖြစ်သည်။ ဤသရုပ်ပြမှုတွင် အိမ်တစ်အိမ်ချင်းဆီသို့ ဘုရားသခင်၏တမန် ထွက်သွားခြင်း အကြောင်းကား ထိုအိမ်များ၌ ပသခါသိုးသငယ်၏ အသွေးတော် ရှိမရှိ ကြည့်ရှုဖို့ရန်အတွက်နှင့် အသွေးမရှိသောအိမ်တို့ကို စောင့်ကြပ်ကွယ်ကာပေးခြင်း မပြုကြဖို့ ကိုယ်စောင့်ကောင်းကင်တမန်တို့အား အသိပေးပြောပြဖို့ဖြစ်သည်။ ထို့အခါ စာတန်အနေဖြင့် မိမိစိတ်ကြိုက် လုပ်ပိုင်ခွင့်ရလေတော့သည်။ မကြာသေးမီက ဖေါ်ပြပေးခဲ့သည့် ကောက်နှုတ်ချက်ကို စာဖတ်သူအား တဖန်အသိပေးပြောပြပေးလိုပါသည်။

တံခါးဖွင့်ပေးမည်လော။ အပြစ်ရှိသမျှကို စင်ကြယ်စေနိုင်သည့် ယေရှု၏အသွေးတော်အစား၊ ဖျက်ဆီးသောတမန်တို့၏ တန်ခိုးအောက်သို့ သင့်အား ရောက်ရှိသွားစေမည့် သေမိန့်စာတန်းကို သင့်နှလုံးသားတံခါးထိပ်တွင် ရေးထားရန် ထိုယေရှုအား သင်နှင်ထုတ်ပစ်မည်လော။ "သူသည် ရုပ်တုတို့၌ စွဲ ကပ်လျက်ရှိ၏။" ကိုယ်စောင့်ကောင်းကင်တမန်တို့၊ "သူ့ကို တတ်တိုင်းရှိစေလော့။" {Lt 301, 1892}

သန့်ရှင်းသော ကောင်းကင်တမန်တပါးပါးက တိုက်ရိုက် လူသတ်နေခြင်းမဟုတ်ကြောင်းကို ပိုမိုရှင်းလင်းသွားစေသည့်အနေဖြင့် Spirit of Prophecy အတွဲ ၁ "ဘုရားသခင်၏ တမန်" ဟူသော ခေါင်းစဉ်အောက်တွင် အောက်ပါအတိုင်းဖတ်ရှုရပါသည်။

တံခါးတိုင်များ၌ ပက်ဖြန်းထိုးသုတ်ထားသောသွေးသည် စင်ကြယ်စေသော ခရစ်တော်၏ အသွေးတော်ကိုသော်၎င်း၊ စာတန်၏တန်ခိုးမှ လွတ်မြောက်ခွင့်ပေးပြီး နောက်ဆုံးရွေးနှုတ်ကယ်တင်တော်မူခြင်းသို့

ဝင်စားစေမည့် ထိုအသွေးတော်၏ ကုသိုလ်ကောင်းမှုများ၌ မှီခိုရသည့် အပြစ်သားတို့၏ အဆက်မပြတ် မှီခိုရခြင်းကိုသော်ရှင်း ကြိုတင်ရုပ်လုံးဖော်ပြထားပေးပါသည်။ {1SP 201.1}

ခရစ်တော်၏ အသွေးတော်ကို ပုံဆောင်သည့် တံခါးတိုင်များ၌သုတ်လိမ်းထားသော သွေးတို့သည် "စာတန်၏တန်ခိုးမှ" ကွယ်ကာပေးကြောင်း အယ်လင်ဝိုက် ပြောဆိုထားသည်။ ကလေးများကို ကွပ်မျက်သူသည် သန့်ရှင်းသော ကောင်းကင်တမန်တစ်ပါးပါးဖြစ်ခဲ့မည်ဆိုလျှင် ခရစ်တော်၏ အသွေးတော်သည် "စာတန်၏တန်ခိုး"မှ ကွယ်ကာနေခြင်းမျိုး ဖြစ်မည်မဟုတ်ပဲ "ဘုရား၏တန်ခိုး"မှ ကွယ်ကာနေခြင်းမျိုးသာ ဖြစ်နေလိမ့်မည်ဖြစ်သည်။

သမ္မာကျမ်းစာ၏ အသုံးအနှုန်းကို ထင်ဟစေသည့် အသုံးအနှုန်းမျိုးကို အယ်လင်ဝိုက် အသုံးပြုထားဟန်ရှိသည်။ Spirit of Prophecy အတွဲ ၁ ၌ဖတ်ရှုခဲ့ရသည့် အထက်ပါ ဖော်ပြချက်ကို မိမိ၏ နောက်ပိုင်းစာပေ များတွင် ပိုမိုရှင်းလင်းစွာ သူမရှင်းလင်းချပြထား ခဲ့သည်။ ဒ္ဓိဟဖြစ်ဖွယ်ရာ ဤကျမ်းချက်မျိုးကို ကျမ်းစာ၌ ဘုရားသခင် ထည့်သွင်းထားရခြင်း အကြောင်းကား ယင်းကျမ်းချက်မျိုးကို လေးလေးနက်နက် လေ့လာမှုပြုစေလို သောကြောင့်ဖြစ်သည်။

အကွယ်အကာကို ရုတ်သိမ်းတော်မူသောအခါ၊ အကျိုးဆက်အနေဖြင့် ပျက်ဆီးခြင်းဘေးဝင်ရောက်လာကြောင်းကို The Great Controversy စာအုပ်၏ ပထမ အခန်းဖြစ်သည့် "The Destruction of Jerusalem" အခန်းတွင် အသေးစိတ် ရှင်းလင်းဖော်ပြထားပေးပါသည်။ ယေရုရှလင်မြို့ ပျက်ဆီးခြင်းအကြောင်းနှင့် "သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏။"ဟူသော ယေရှု၏ စကားတော်တို့ကို Spirit of prophecy က ယှဉ်တွဲပြထားပေးပါသည်။ ဤယှဉ်တွဲဖော်ပြမှုသည် အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် အဲဂုတ္တုပြည်အဖြစ်အပျက်ကို မှန်ကန်စွာ နားလည်စေနိုင်သည့် ပိုမိုများပြားသော သဲလွန်စများကို ဖော်ပြထားပေးသောကြောင့်ဖြစ်သည်။

ဟောရှေ ၁၃း၉ နှင့် ၁၄း၁ တွင် "အို ဣသရေလ၊ သင့်ကို ကယ်တင်နိုင်သောအရှင် ငါ့ကို သင်သည် ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းရှိ၏။" "အိုဣသရေလ၊ သင်သည် ကိုယ်ပြုသော ဒုစရိုက်အပြစ်အားဖြင့် အကျိုးနည်းရှိ၏။" ဟု ဖွင့် ဆိုထားသကဲ့သို့ ယုဒများသည် အမျက်တော် ခွက်ဖလားကို ကိုယ်တိုင်ဖြည့်ခဲ့ကြသည်။ နောက်ဆက်တွဲဖြစ်ပေါ်လာသော ဆိုးကြိုးအသီးများသည် မိမိတို့ကိုယ်တိုင် စိုက်ခဲ့သည့် အပင်မှ ဆွတ်ခူးခဲ့ရသော အသီးများဖြစ်သည်။ သူတို့ခံစားခဲ့ရသည့် အခက်အခဲများကို ဘုရားသခင်က တိုက်ရိုက်ချမှတ်သည့် အပြစ်ဒဏ်များကဲ့သို့ မကြာခဏ သူတို့ဖော်ပြခဲ့ကြပါသည်။ ထိုနည်းအားဖြင့် စာတန်သည် သူ၏ လုပ်ဆောင်မှုများကို ဖုံးကွယ်ခဲ့သည်။ အမှန်မှာ ယုဒများသည် ဘုရားသခင်၏ ချစ်ခြင်းနှင့် ကရုဏာတော်ကို ခေါင်းမာစွာ ငြင်းဆန်ခြင်းဖြင့် သူတို့အား ကွယ်ကာတော်မူသည့် ဘုရားသခင်၏ လက်တော်ကို ရုပ်သိမ်းစေခဲ့ကြပြီး စာတန်အား မိမိတို့အပေါ် စိတ်ကြိုက် ချယ်လှယ်ရသောအခွင့်ကို ပေးအပ်ခဲ့လိုက်ကြသည်။ ယေရုရှလင်မြို့ ပျက်ဆီးခြင်းအဖြစ်အပျက်၌ သရုပ်ဖော်ပြထားသည့် ကြောက်မက်ဖွယ်ရာ ရက်စက်မှုများတို့သည် စာတန်၏ ထိန်းချုပ်မှုအောက်သို့ မိမိကိုယ်ကို ထိုးအပ်ပေးကြသူများအပေါ်တွင် ကျရောက်မည့် အာဃာတနှင့်ပြည့်ဝသည့် စာတန်၏တန်ခိုးကို ထင်ရှားပြထားပေးပါသည်။ {GC 35.3}

အဲဂုတ္တုပြည်နှင့် ယေရုရှလင်မြို့၏ ပျက်စီးခြင်းဖြစ်စဉ်ကား တစ်ခုတည်းဖြစ်၏။ စာတန်၏ တန်ခိုးအောက်သို့ သူတို့ရောက်သွားခဲ့ကြ၏။ ဤသည်ကား ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်း ဖြစ်စဉ်ပေတည်း။

ပြစ်ဒဏ်စီရင်ခြင်းသည် လူသားများအပေါ်သို့ ဘုရားသခင်ထံမှ တိုက်ရိုက် ကျရောက် လာခြင်းမဟုတ်ဘဲ လူသားများက မိမိကိုယ်ကို ဘုရားသခင်၏ အကာအကွယ်မရနိုင် သည့်နေရာ၌ ထားသောကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ဖြစ်ကြောင်း ကျွန်ုပ်အား ရှုပါရုံတွင် ဖော်ပြတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်သည် သတိပေးပြုပြင် ဆုံးမတော်မူရုံသာမက လုံခြုံသောလမ်းကိုသာ ညွှန်ပြတော်မူတတ်ပါသည်။ ကိုယ် တော်၏

အထူးစောင့်ရှောက်ခြင်းခံရသူများသည် အထပ်ထပ်သတိပေးနေသည့်ကြားမှ ဝိညာဉ်တော်ဘုရားကို အားကိုးခြင်းမပြုဘဲ ကိုယ်ကြိုက်သည့်လမ်းကို လိုက်ခဲ့လျှင်သော်လည်းကောင်း၊ ကိုယ်ကြိုက်သည့် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြလျှင်သော်လည်းကောင်း စာတန်၏ တိုက်ခိုက်မှုများကို တားဆီးရန် ကောင်းကင်တမန်များကို ထာဝရဘုရားစေလွှတ်တာဝန်ပေးတော့မည် မဟုတ်ပါ။ 14 MR 3

တဖန် ကျွန်ုပ်တို့အား ပြောထားပြန်သည်ကား၊

တိုင်းနိုင်ငံများကို ဘုရားသခင် ရေတွက်တော်မူသည်။ မြေပေါ်သို့ စာကလေးတစ်ကောင် ကျသွားသည်ကိုပင် ကိုယ်တော်သတိပြုတော်မူသည်။ ငါပြုသောအမှုကို ဘုရားသခင် အဘယ်သို့သိမည်နည်း ဟုဆိုလျက် မိမိညီအစ်ကိုချင်းတို့၌ ဆိုးသောအမှု ကို ဖြစ်စေသောသူတို့သည် တနေ့တွင် အပြစ်နှင့်အလျှောက် ဆပ်ပေးစီရင်ခြင်းကို ခံရ ကြလိမ့်မည်ဖြစ်သည်။ ယခုကာလတွင် ဘုရားသခင်အား လူသားများ အတိုင်းထက် အလွန် မထီမဲ့မြင်ပြုနေကြသည်။ မောက်မာခြင်းနှင့် နားမထောင်ခြင်းအမှုများအားဖြင့် မိမိတို့၏ ဒုစရိုက်ခွက်ဖလားများ ပြည့်လုနီးသည်တိုင်အောင် သူတို့ဖြည့်ဆည်းနေ ကြသည်။ များစွာသောသူတို့သည် ဂရုဏာတော်ဘောင်ကို ကျော်လွန်နေကြပြီးဖြစ်ပါ သည်။ အကယ်စင်စစ် မိမိသည် အသက်ရှင်သောဘုရားဖြစ်သည်ကို များမကြာမီ ဘုရားသခင် ပြသတော့မည်ဖြစ်သည်။ “ဖျက်ဆီးခြင်းငှါ အားထုတ်လျက်ရှိသည့် စာတန်ကြိုးပမ်းမှုများကို တိုက်ဖျက်ချေမှုန်းခြင်း မပြုကြပါတော့နှင့်။ နားထောင်ခြင်း မရှိသောသူတို့အား မိမိအစီအစဉ်ရှိသည်အတိုင်း သူ ပြုပါလေစေ။ အကြောင်းမူကား သူတို့၏ ဒုစရိုက်ခွက်ဖလားများ ပြည့်လျက်ရှိပြီ။ မတရားမှုများကို တစ်ဆင့်ပေါ် တစ်ဆင့် သူတို့ ထပ်တိုးစေကြပြီ။ တရားမဲ့အသက်တာဖြင့် နေ့ရက်စဉ် သူတို့အသက်ရှင်ကြပြီ။ ဖျက်ဆီးသောသူ၏ လုပ်ရပ်များကို ဆီးတားခြင်းငှါ ငါလုပ်ဆောင်တော့မည်မဟုတ်”ဟု ကောင်းကင်တမန်တို့အား မကြာမီ ယေရှုမိန့်တော်မူပေမည်ဖြစ်သည်။ {RH, September 17, 1901}.

ဖာရောမင်းအဖို့ စိုက်ပျိုးရသောအချိန်နှင့် ရိတ်သိမ်းရသောအချိန် ရှိခဲ့သည်။ အတိုက်အခံစိတ်သဘောနှင့် ခေါင်းမာခြင်းမျိုးစေ့ကို သူစိုက်ပျိုးခဲ့သည်။ ထိုမျိုးစေ့ကို မြေတွင် သူစိုက်ပျိုးခဲ့သည်။ အဘယ်မည်သော တန်ခိုးအာဏာအသစ်အဆန်းကိုမျှ ဘုရားသခင် ပြသတော်မူခြင်း မရှိခဲ့ပါ။ စိုက်ပျိုးခဲ့သော မျိုးစေ့မှ အညှောက်ပေါက်လာခဲ့ပြီး မိမိ၏ စာရိတ္တအစစ်အမှန်အတိုင်း ပြုမူရန် သူ အခွင့်ရခဲ့သည်။ အလင်းနှင့် သက်သေများကို ကျော်ခိုင်းထားသည့် မယုံကြည်ခြင်းသဘောကို လူ့၏နှလုံးသားတွင် ထာဝရဘုရား မြင်တွေ့ရသောအခါ မိမိစိုက်ပျိုးခဲ့သည်အတိုင်း အပင်ပေါက်နိုင်ရန်အတွက်သာ ထိုသူအား ကိုယ်တော်ရှိရစ်စေနိုင်တော့သည်။ များစွာသောသူတို့သည် မယုံကြည်ခြင်းမျိုးစေ့ကို ကြဲစိုက်နေကြသည်။ ထိုမျိုးစေ့ကို ပြုစုပျိုးထောင်ပေးပါမူ စိတ်ကျေနပ်ဖွယ်ရာ မကောင်းသောအသီးများ သီးပွင့်လာပေမည်။ ဘုရားသခင်ပေးသော သတင်းစကား နှင့် ဆုံမစကားများကို နာခံရန် ငြင်းဆိုလျက်၊ စိတ်ပြောင်းလဲစေနိုင်သည့် ကိုယ်တော် ၏ ပထမနိမိတ်လက္ခဏာတော်အားဖြင့် ဆုံးမတော်ခြင်းကို ဖါရောမင်း လွဲရှောင်လိုက်သောအခါ ပြတ်သားသည့်ဆုံးဖြတ်ချက်ကို ချရန် ပိုမိုလွယ်ကူသည့် အခြေအနေ တစ်ခုတွင် သူရောက်ရှိခဲ့လေတော့သည်။ သူ၏ လွတ်လပ်သော အတိုက်အခံစိတ် သဘောမှ အသီးအပွင့်များ သီးပွင့်လာခဲ့ပြီး၊ လမ်းမှန်ပေါ် တည့်မတ်ပေးခြင်းငှါ သူ့အား ဘုရားသခင်ပေးတော်မူခဲ့သည့် သက်သေရှိသမျှတို့သည် သူ့အား မယုံကြည်ခြင်းနှင့် ပုန်ကန်ခြင်းသဘော၌သာ ပိုမိုအမြစ်တွယ်ကျန်ရစ် နေစေတော့သည်။ ခေတ်ကာလတစ်လျှောက်တွင် တွေ့ရှိရသည့် ဘုရားတရားမရှိသူများ နည်းတူပင်၊ ဘုရားသခင်အပေါ် ထားရှိသည့် မိမိ၏ အတိုက်အခံစိတ်သဘောနှင့် နားမထောင်ခြင်းသဘောကို ဖါရောမင်း ထပ်ဆင့်တိုးပွါးစေခဲ့ပါသည်။ မိမိ၏သားဦး သေဆုံးသွားခဲ့သည့် အချိန်အထိတိုင်အောင်ပင် ထိုစိတ်သဘောမျိုးကို သူမွေးမြူထား ခဲ့လေသည်။ ဖာရောမင်း၏စာရိတ္တမျိုးနှင့် ဆင်တူသည့် စာရိတ္တမျိုးကို အပြစ်သား အယောက်စီတိုင်းတွင် တွေ့ရှိရပါသည်။ အဘယ်သူကိုမျှ ဘုရားသခင် ဖျက်စီးတော်မမူပါ၊ သို့ရာတွင် မိမိတို့အဖို့ မိမိတို့ကိုယ်တိုင်အစပြုထားသော ဖျက်ဆီးခြင်းလက်သို့ မတရားသောသူတို့ကို ဘုရားသခင် လွတ်ထားပေးတော်မူသည်။ {YI, November 30,1893 par.6}

အဲဂုတ္တုပြည်ကို ဖျက်ဆီးရန် အဘယ်မည်သော တန်ခိုးအသစ်အဆန်းကိုမျှ မိတ်ဆက်ပေးခြင်း မရှိခဲ့ပါချေ။ အဲဂုတ္တုပြည်ကြီး လွတ်ထားခြင်းခံရသည့် အကြောင်းအရင်းကား ပြည်သားများ ကိုယ်တိုင် အစပြုခဲ့ကြသည့် ဆိုးသွမ်းသော ပုန်ကန်မှုကြောင့်တည်း။ အစပိုင်းတွင် မြွေများကို ဖော်ပြပေးခြင်းဖြင့် နိမိတ်လက္ခဏာတစ်ခုကို ဘုရားသခင် ပြသတော်မူခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ စာတန်အနေဖြင့် မိမိ၏ဖျက်ဆီးခြင်းတန်ခိုးကို အသုံးပြုရန် အခွင့်ရလိမ့်မည်ဖြစ် ကြောင်းနှင့် အဲဂုတ္တုပြည်အား ဖျက်ဆီးသည့်အလုပ်ကို ဘုရားသခင် လုပ်ဆောင်တော်မမူ ကြောင်းကို ထို ပြည်သားများအား ပြသပေးဖို့အတွက်ဖြစ်သည်။


ချစ်သော ညီအစ်ကို မောင်နှမတို့၊ သားဦးများကိုသာ ဖျက်ဆီးသောသူ၏ လက်၌ အပ်ထားရန် အဲဂုတ္တုပြည်တွင် ဘုရားသခင် အမိန့်တော်ရှိခဲ့ပါသည်။ ကပ်ကာလအဆုံးတွင်မူကား၊ ဧဝံဂေ လိသတင်းကောင်းကို နာခံခြင်းမရှိသောသူရှိသမျှတို့ကို ရန်သူလက်၌ အပ်ထားရန် ဝမ်းနည်း စွာ ကိုယ်တော် အမိန့်ပေးတော်မူမည်ဖြစ်သည်။ ယေရုရှလင်မြို့အတွက် မျက်ရည်ကျတော်မူ ခဲ့သည်နည်းတူ မိမိအား ငြင်းပယ်နေကြသည့် ကျွန်ုပ်တို့လောကတစ်ခုလုံးအတွက်ကိုလည်း ဘုရားသခင် မျက်ရည်ကျရအုံးမည်ဖြစ်သည်။

သိုးသငယ်၏ အသွေးတော်ကို ထိုးသုတ်ထားသည့် အဲဂုတ္တုပြည်က သစ္စာရှိသားသမီးတို့၏ အိမ်တံခါးနားတွင် ထာဝရဘုရား ရပ်ပေးတော်မူခဲ့သည်နည်းတူ၊ ကရာနီကုန်းထက်က စီးဆင်း လာသည့် စစ်မှန်သောသိုးသငယ်၏ အသွေးတော်အားဖြင့် မိမိဝတ်လုံများကို စင်ကြယ်စေ သောသူရှိသမျှတို့၏ဘက်တွင်လည်း ထာဝရဘုရား တဖန် ရပ်ပေးတော်မူလိမ့်မည်ဖြစ်သည်။

ဤစာစောင်ကို ဖတ်ရှုရသူအပေါင်း၊ ဖျက်ဆီးသောသူ၏ ကြီးစွာသောကွပ်မျက်ခြင်းနေ့တွင် ကွယ်ကာခြင်း ခံရပါစေသော။


ဤစာစဉ်တွင် ရယူနိုင်သည့် အခြားသောစာအုပ်များ-maranathamedia.com တွင် ရနိုင်ပြီ။

## အဲဂုတ္တုပြည်က ကရာနီ




အသေအချာ စဉ်းစားကြည့်ပါ။ အကယ်စင်စစ် လောကလူသားတိုင်းအပေါ် ထွန်းလင်းထားသည့် အသက်တော်အားဖြင့်သာ ရောမစစ်သားများ အသက်ရှင်ရ၏။ သို့ဖြစ်လင့်ကစား သူတို့စိတ်နှလုံးသားများသည် စာတန်၏ထိန်းချုပ်မှုအောက်တွင် လုံးလုံးရောက်ရှိနေကြကုန်၏။ လူသားတို့၏ စိတ်ဝိညာဉ်အတွင်းတွင်ရှိသော ခရစ်တော်၏တန်ခိုးတော်ကို အသုံးချပြီး ခရစ်တော်ကို ကပ်တိုင်တွင် စာတန်ရိုက်ထားခဲ့၏။ ထိုအကြောင်းကို အသေအချာ စဉ်းစားကြည့်ပါလေ။ အဲဂုတ္တုပြည်အပေါ် ကျရောက်ခဲ့သည့် ဘေးဒဏ်များနှင့် လောကတွင် တွေ့မြင်နေရသည့် ဖျက်ဆီးခြင်းတန်ခိုး ရှိသမျှတို့၏ အရင်းခံသော့ချက်ကို ကယ်တင်ရှင်အား သံမှိုနှင့် ထိုးသွင်းရိုက်နှက်နေသည့် ရောမစစ်သည်တစ်ဦး၏ ပုံရိပ်တွင် တွေ့မြင်ရပေသည်။


## ကောင်းကင်ကကျသည့် ၎




ဒုစရိုက်ကျူးလွန်သူအား ကျောက်ခဲနှင့်ပေါက်သတ်စေ ဟူသော အမိန့်ထုတ်ပြန်မှုမျိုး ကို ကျမ်းစာတွင် အကြိမ်ပေါင်းများစွာ တွေ့ရသည်။ ဤအလေ့အထကား အဘယ်က လာသနည်း။ ဤအယူအဆကို မောရှေအား ဘုရားသခင်မိတ်ဆက်ပေးခဲ့ခြင်းပါလော (သို့မဟုတ်) အခြားသောအရင်းအမြစ်တစ်စုံတစ်ရာက လာသလော။ ဣသရေလများ အပေါ်ကျရောက်ခဲ့သည့် တရားစီရင်မှုများသည် ဘုရားသခင်၏ တရားစီရင်မှုပုံစံနှင့်

နီးစပ်သည်ထက် ဣသရေလလူတို့၏ တရားစီရင်မှုပုံစံနှင့် ပိုမိုနီးစပ်နေပါသလား။ ရွှေနွားသငယ်ရုပ်ကို ကိုးကွယ်သည့်အပြစ်က ဘုရားသခင်နှင့် ဣသရေလူမျိုးများb စပ်ကြား ဆက်စံရေးကို တနည်းတဖုံပြောင်းလဲသွားစေခဲ့ပါသလား။ ထိုအကြောင်းကို သိရှိရန် အရေးကြီးပါသလား။ နားရှိသောသူမည်သည်ကား ကြားပါစေ။

## ပြည်ခါနန်အောင်ပွဲက ဖွင့်ပြသောမြွေအကြောင်း




တိုင်းနိုင်ငံများအပေါ် ဣသရေလူတို့၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် ယေရှု၏နှုတ်ထွက်စကားတော်က မြစ်တားထားသော ဓါးကိုင်သတ်ဖြတ်ခြင်းအမှုတို့ကို ကျွန်ုပ်တို့အဘယ်သို့ ဆက်စပ် နားလည်နိုင်မည်နည်း။

.....ဓါးကိုကိုင်သောသူ ရှိသမျှတို့သည် ထားဖြင့် ဆုံးခြင်းသို့ ရောက်ကြလိမ့်မည်။

သတ်ဖြတ်ခြင်းပြုကြရာတွင် အမျိုးသားများပါမက၊ အမျိုးသမီးများနှင့် ကလေးများကိုပါ သူတို့ သတ်ဖြတ်ခဲ့ကြလေသည်။

တရားဟောရာကျမ်း ၂း၃၄ - ထိုအခါ သူ၏မြို့သူရှိသမျှတို့ကို တိုက်ယူ၍ ယောကျ်ား မိန်းမ သူငယ်တို့ကို တယောက်မျှ မကြွင်းစေခြင်းငှါ ရှင်းရှင်းဖျက်ဆီးကြ၏။

# ဖျက်ဆီးသောသူ

အဲဂုတ္တုပြည်သားဦးများကို ဖျက်ဆီးခဲ့သည့် ဖျက်ဆီးသောသူကား အဘယ်နည်း။

ထွက်မြောက်ရာကျမ်း ၁၂း၂၃ - အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကို ဒဏ်ခတ်ခြင်းငှါ ထုတ်ချင်းခတ်သွားတော်မူမည်။ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌ ရှိသော အသွေးကို မြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကို လွန်သွားတော်မူမည်။ ဖျက်ဆီးသောသူသည် သင့်တို့ကို ဒဏ်ခတ်ခြင်းငှါ၊ အိမ်ထဲသို့ ဝင်ရသောအခွင့်ကို ပေး တော်မမူ။

သားဦးအပေါင်းတို့အား ကွပ်မျက်သူသည် ဘုရားသခင်ပင်ဖြစ်သည် ဟူ၍ လူအမြောက်အများ ယုံကြည်နေကြသည်။ ဣသရေလလူတို့၏ နေအိမ်များအတွင်းသို့ ဝင်ရောက်ရန် ဖျက်ဆီးသော သူအား ဘုရားသခင် အခွင့်မပေးပါ ဟုဆိုရာတွင် မိမိကိုယ်မိမိ ဘုရားသခင် ပြန်လည်ဟန့်တားနေ သည့် အဓိပ္ပါယ်မျိုးကို ပြောဆိုနေခြင်းပါလော။ သို့ဖြစ်လျှင် အဓိပ္ပါယ်ရှိပါလိမ့်မည်လော။ အဲဂုတ္တု ပြည်သားဦးများကို ခရစ်တော် ဖျက်ဆီးခဲ့သည်မှန်လျှင်၊ ခရစ်တော်နှင့်အတူ ကားတိုင်တွင် ရိုက် ထားခံရသူများနှင့် မိမိတို့တွင် ခရစ်တော် တည်နေသည်ဟု ယုံကြည်သူများတို့၏ အတွင်း၌ဖျက် ဆီးသောသူ ကိန်းအောင်းနေသကဲ့သို့ ဖြစ်နေမည်မဟုတ်ပါလော။

လူသားသည် လူတို့၏အသက်ကို သတ်အံ့သောငှါ ကြွလာသည်မဟုတ်။ ကယ်တင် အံ့သောငှါ ကြွလာသည်။ ရှင်လုကာခရစ်ဝင် ၉း၅၆

စာတန်သည် ဖျက်ဆီးသောသူပင်ဖြစ်ပြီး သူ၏ ဆိုးသွမ်းသည့်အလုပ်များကို ဟန့်တားနေသူ ကား ဘုရားသခင်ပင်ဖြစ်သည်ကို သက်သေအားဖြင့် ရှင်းလင်းစွာ ပြသထားပေးပါသည်။

မာရ်နတ်သည် လူသားမျိုးနွယ်တို့၏ ဖန်ဆင်းရှင်နှင့် ကျေးဇူးရှင်၏ အရေကိုခြုံထား ၏။ ရက်စက်ခြင်းအမှုများကား စာတန်နှင့်ဆိုင်၏။ ဘုရားသခင်မူကား ချစ်ခြင်း မေတ္တာဖြစ်တော်မူ၏။ ဘုရားသခင် ဖန်ဆင်းသမျှတို့သည် အပြစ်ဝင်ရောက်မလာမီ တိုင်အောင် စင်ကြယ်သန့်ရှင်းခြင်းရှိ၍ ချစ်ဖွယ်ကောင်းလှ၏။ စာတန်သည်ကား လူ သားများ အပြစ်ပြုစေခြင်းငှါ ကြိုးစားအားထုတ်၏။ ထို့နောက် သူတို့အား ဖျက်ဆီးပစ် ဖို့ သူကြိုးပမ်း၏။ လူသားများ သူ၏သားကောင်များဖြစ်လာသောအခါ မိမိစီမံထား သောဖျက်ဆီးခြင်းလုပ်ရပ်အတွက် စာတန် နှစ်ထောင်းအားရ၏။ အခွင့်ရှိလျှင်၊ လူသားမျိုးနွယ်တစ်ခုလုံးကို မိမိပိုက်ကွန်အောက်သို့ သူဆွဲသွင်းလို၏။ တန်ခိုးတော်အားဖြင့် ဘုရားသခင် ကြားဝင်ဟန့်တားခြင်းမပြုခဲ့ပါမူ၊ အာဒံ၏သားသမီးများ တစ်ဦးတစ်ယောက်မျှ လွတ်မြောက် ခွင့်ရှိမည်မဟုတ်ပါချေ။ (GC 534.2)